# Gap Inc.

# လိုက်နာစောင့်စည်းရမည့် ကျင့်ဝတ်များ

ဤလိုက်နာစောင့်စည်းရမည့် ကျင့်ဝတ်များသည် Gap Inc. သို့မဟုတ် ၎င်း၏ကုမ္ပဏီခွဲများ၊ ဌာနခွဲများ၊ အသင်းအဖွဲ့များ (သို့)ကိုယ်စားလှယ်များအားလုံးအတွက် ကုန်ပစ္စည်းများထုတ်လုပ်ပေးနေသောစက်ရုံများအားလုံးနှင့် သက်ဆိုင်ပါသည်။

Gap Inc. သည် ကမ္ဘာတဝန်းရှိ စက်ရုံများလုပ်ဆောင်လျက်ရရှိ ရာတွင် မတူညီသော ဥပဒေရေးရာ နှင့် ယဉ်ကျေးမှုဆိုင်ရာ ပတ်ဝန်းကျင်များရှိသည်ကို အသိအမှတ်ပြုသကဲ့သို့၊ဤကျင့်ဝတ်များသည် Gap Inc. နှင့်လုပ်ငန်းလုပ်ဆောင်နိုင်စေရန် စက်ရုံများအားလုံးသည် ဖြည့်ဆည်းလုပ်ဆောင်ရမည့်အခြေခံ လိုအပ်ချက်များမှစတင်ကာသတ်မှတ်ထားပါသည်။ ဤကျင့်ဝတ်များသည်အပြည်ပြည်ဆိုင်ရာအလုပ် သမားအဖွဲ့အစည်း (ILO) ၏ အဓိကသဘောတူညီချက်များနှင့်ကမ္ဘာ့လုံးဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းတို့တွင် ပါဝင်သောအပြည်ပြည်ဆိုင်ရာတွင် လက်ခံကျင့်သုံးနေသော အလုပ်သမားစံနှုန်းများ ပေါ် တွင် အခြေခံထားပါသည်။ ဤကျင့်ဝတ်များသည် Gap Inc. ၏ လုပ်ဆောင်လျက်ရှိသော စက်ရုံ တစ်ရုံ၏အလုပ်ခန့်အပ်ခြင်းဆိုင်ရာ အမှုအကျင့်များနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုက်နာကျင့် သုံးခြင်းအား အကဲဖြတ်သုံးသပ်ခြင်းအတွက် အခြေခံတည်ထောင်ခြင်းကို ထောက်ပံ့ပေးပါသည်။

## I. ဥပဒေနှင့်အညီ လိုက်နာနေထိုင်ခြင်း

Gap Inc. အတွက် ကုန်ပစ္စည်းများထုတ်လုပ်သော စက်ရုံများသည် ၎င်းတို့သက်ဆိုင်ရာ နိုင်ငံ များ၏ ဥပဒေများနှင့် အခြားသက်ဆိုင်သော ဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ အားလုံးနှင့် အညီအပြည့်အဝလိုက်နာကာ လုပ်ဆောင်ရပါမည်။ Gap Inc. နှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်ခြင်း အခြေအနေတစ်ခုအရ၊ စက်ရုံတစ်ခုချင်း စီ သည် ဤလိုက်နာစောင့်စည်းရမည့် ကျင့်ဝတ်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ Gap Inc. သည် လိုက်နာဆောင်ရွက်ခြင်းအားသိရှိသချာစေရန်အတွက်စောင့်ကြည့်ခြင်းဆိုင်ရာ စနစ်များကို တိုးတက်အောင် ဆက်လက်လုပ်ဆောင်ပါလိမ့်မည်။Gap Inc, တွင် ဒေသဆိုင်ရာ ဥပဒေအရ လိုအပ်ချက်များတွင် ခြားနားမှု တစ်စုံတစ်ရာ ပေါ် ပေါက်လျှင် ဟာကွက်မရှိ လိုအပ်ချက်များကို အသုံးပြုရမည်။ရောင်းသူနှင့် ရောင်းသူ၏ ပူးပေါင်းလုပ်ကိုင်သူများ အနေဖြင့် ကုန်ထုတ်လုပ်ရန်အတွက် Gap Inc, က အတည်ပြုထားသည့် လုပ်ကိုင်ဆောင်ရွက်မှု များကိုသာ သုံးစွဲရမည်။ ရောင်းသူများအနေဖြင့် ကုန်ထုတ်လုပ်မှု မစတင်မီ ဤလုပ်ငန်းဆောင်တာများကို သုံးစွဲရန်အတွက် Gap Inc,ထံမှ စာဖြင့် ရေးသားထားသည့် ကြိုတင် ခွင့်ပြုချက်ရယူရမည်။

## II. သဘာဝပတ်ဝန်းကျင်

စက်ရုံများသည် သက်ဆိုင်သော သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများ အားလုံးနှင့်အညီ လိုက်နာဆောင်ရွက်ရပါမည်။ လုပ်ကိုင်ဆောင်ရွက်မှုများသည် စွမ်းအင်နှင့် Greenhouse (GHG) ပျံ့လွင့်မှု၊ လေထုညစ်ညမ်းမှု (လေထုထဲသို့ ပျံ့လွင့်မှု) ၊ရေသုံးစွဲမှု၊ ရေအရည်အသွေး၊ ရေဆိုးရေညစ်၊ အမှိုက်စွန့်ပစ်မှုနှင့် ဓါတုဗေဒ ပစ္စည်းများ ကိုင်တွယ်သုံးစွဲမှု အပါအဝင် ပတ်ဝန်းကျင်အပေါ် ယင်း၏ ထိခိုက်မှုကို ထိန်းသိမ်းရမည်။

## III. အလုပ်သမား

### A. ကလေးအလုပ်သမား

စက်ရုံများသည် သတ်မှတ်ထားသောသော အငယ်ဆုံးတရားဝင်အသက်လိုအပ်ချက် ပြည့်မှီသော အလုပ်သမားများ၊ သို့မဟုတ် အနည်းဆုံး အသက် ၁၅ နှစ်နှင့် အထက်ရှိသောအလုပ်သမားများကိုသာ အလုပ်ခန့်အပ်ရပါမည်။ စက်ရုံများသည်အခြားသတ် မှတ်ထားသော ကလေးအလုပ်သမားဆိုင်ရာ ဥပဒေများအားလုံးကိုလည်း လိုက်နာရ ပါမည်။အလုပ်သင်ပရိုဂရမ်များတွင် ပါဝင်သောသူများအားလုံးသည် Gap Inc. ၏ အငယ်ဆုံးအသက်စံနှုန်း ၁၅ နှစ်နှင့် အငယ်ဆုံး တရားဝင်အသက်လိုအပ်ချက်နှစ်ခုစလုံး ပြည့်မီ ရမည်ဖြစ်ကာ၎င်းအလုပ်သမားများ၏ ပညာရေး အကျိုး ဖြစ်ထွန်းမှုအတွက် ဥပဒေနှင့်ညီညွတ်သော အလုပ်သင်စီမံကိန်းများ တိုးတက်ပြောင်းလဲအောင်ပြုလုပ်ရန် စက်ရုံများကို အားပေးတိုက်တွန်းလိုပါသည်။

### B. စာချုပ်ဖြင့် အလုပ်လုပ်ရသော အလုပ်သမားအတွက် လိုအပ်ချက်များ (သက်ဆိုင်မှသာ)နိုင်ငံခြားအလုပ်သမားများ

စာချုပ်ဖြင့် အလုပ်လုပ်ရသော နိုင်ငံခြားသားအလုပ်သမားများ ခန့်ထားသော စက်ရုံများ သည် ထိုအလုပ်သမားများကို ၎င်းတို့၏ ဒေသခံအလုပ်သမားများနှင့်တူညီစွာ သဘောထားဆက်ဆံရမည်ကို သေချာအောင်ပြုလုပ်ရပါမည်။ရွှေ့ပြောင်းအလုပ်သမားများသည် အတင်းအကြပ်ခိုင်းစေသည့် သို့မဟုတ် မလုပ်မနေရ သို့မဟုတ် စာချုပ်အရ သို့မဟုတ် စာချုပ်ဖြင့် ချည်နှောင်ထားသည့် လုပ်သားပုံစံမျိုး မဖြစ်စေရ။ အလုပ်အကိုင် အားလုံးတို့သည် လိုလားစွာ လုပ်ကိုင်ဆောင်ရွက်ခြင်းဖြစ်ရမည် ဖြစ်ပြီး အလုပ်သမားများအား ဒဏ်ကြေးငွေ မရှိဘဲ မည်သည့် အချိန်တွင် မဆို မိမိ၏ အလုပ်အကိုင်မှ လွတ်လပ်စွာ နုတ်ထွက်ပိုင်ခွင့် ရှိစေရမည်။ ရွှေ့ပြောင်းလုပ်သားများ (သို့မဟုတ် ၎င်း၏ မိသားစုဝင်)တို့အား အလုပ်အကိုင်သို့ ဝင်ရောက်လုပ်ကိုင်စေရန်အတွက် အတင်းအကြပ်စွဲဆောင်ခြင်း၊ သို့မဟုတ် ၎င်းတို့အား ဒဏ်ကြေးငွေမရှိဘဲ မည်သည့်အချိန်တွင်မဆို ၎င်းတို့၏ အလုပ်မှ လွတ်လပ်စွာ နုတ်ထွက်ခြင်း ၎င်းတို့အား ကာကွယ်ရန်အတွက် အာဏာပိုင် အဖွဲ့အစည်းများသို့ ချိုးနှိမ်၍ ခြိမ်းခြောက်ခြင်း မပြုလုပ်ရ။

### C. ခွဲခြားဆက်ဆံခြင်း

စက်ရုံများသည်အလုပ်သမားများ၏ပင်ကိုယ်စရိုက်နှင့်ယုံကြည်မှုများပေါ် မမူတည်ဘဲ၊၎င်းတို့၏အလုပ်လုပ်နိုင်သောစွမ်းရည်ပေါ် တွင်မူတည်ကာအလုပ်သမားများကိုအလုပ်ခန့်အပ်ရပါမည်။

### D. အင်အားသုံးစေခိုင်းမှု

လုပ်ငန်းဆောင်တာများတွင် အစိုးရ၏ အကျဉ်းကျ အလုပ်သမားများ၊ ကြွေးမြီဖြင့် ခိုင်းစေခြင်းခံရသူများ၊ ကျွန်လုပ်သား (သို့မဟုတ်) အတင်းအကြပ် ခိုင်းစေခြင်း ခံရသည် အလုပ်သမား အပါအဝင် မည်သည့် အမျိုးအစားနှင့် မဆို စိတ်ဆန္ဒ မပါရှိသည် အလုပ်သမားကို သုံးစွဲခြင်းမပြုရ။

### E. အဖွဲ့အစည်းဆိုင်ရာလွတ်လပ်ခွင့် နှင့် ဆွေးနွေးညှိနှိုင်းခြင်းဆိုင်ရာ အခွင့်အရေး

အလုပ်သမားများသည်၎င်းတို့၏ ကိုယ်ပိုင်ရွေးချယ်မှုအရ အဖွဲ့အစ စည်းများကိုလွတ်လပ်စွာ ပူးပေါင်းနိုင်ပါသည်။ တရားဥပဒေနှင့်အညီ ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းခြင်း၊ သို့မဟုတ်ပူးပေါင်းဆောင်ရွက်ခြင်း၊ စည်းရုံးခြင်းများ ပြုလုပ်လိုသော အလုပ်သမားများကို စက်ရုံများ အနေဖြင့် နှောင့်ယှက်ခြင်းမပြုရပါ။ ထိုသို့ပြုလုပ်လိုသည်၊ မလိုသည်ဟူသောဆုံးဖြတ်ချက် ကိုအလုပ်သမားများကသာ ပြုလုပ်သင့်ပါသည်။

### F. လူသားဆန်စွာ ဆက်ဆံခြင်း

စက်ရုံများသည်အလုပ်သမားများအားလုံးကိုလေးစားမှုနှင့်ဂုဏ်သိက္ခာတို့ကိုရှေ့တန်းတင်ကာဆက်ဆံရပါမည်။စက်ရုံများသည်ရိုက်နက်ပြစ်ဒဏ်သို့မဟုတ်အခြားသောမည်သည့်ကိုယ်ထိလက်ရောက် (သို့) စိတ်ပိုင်းဆိုင်ရာ နိုင်ထက်စီးနင်း ပြုလုပ်ခြင်းမျိုးကိုမျှ အသုံးမပြုရပါ။

### G. လစာများနှင့် အကျိုးခံစားခွင့်များ

စက်ရုံများသည်သက်ဆိုင်သောဥပဒေများနှင့်ကိုက်ညီစွာလစာများနှင့်အချိန်ပိုဆင်းငွေများကိုပေးရပါမည်။စက်ရုံများသည်အနည်းဆုံးအနေဖြင့်အနိမ့်ဆုံးတရားဝင်လုပ်ခလစာ သို့မဟုတ်ထိုထက် ပိုမိုသော ဒေသတွင်းစက်ရုံစံနှုန်းများ နှင့်ကိုက်ညီသော လစာတစ်ခု အား အလုပ်သမားများကိုပေးရပါမည်။ အလုပ်သမားများ၏ အခြေခံလိုအပ်ချက်များနှင့် အချို့အားလိုအပ်လျှင်လိုအပ်သလိုပေးသောဝင်ငွေများကိုလုံလောက်မှုရစေသောလစာများနှင့်အကျိုးခံစားခွင့်များကိုထောက်ပံ့ရန်စက်ရုံများကိုအားပေးတိုက်တွန်းလိုပါသည်။

### H. အလုပ်ချိန်

စက်ရုံများသည် သက်ဆိုင်သော ဥပဒေများအားလုံးနှင့် ကိုက်ညီစွာအလုပ်ချိန်အား သတ် မှတ်ရပါမည်။ အထည်ချုပ်လုပ်ငန်းတွင် အချိန်ပိုဆင်းခြင်းကို လိုအပ်လေ့ရှိသည်ဟု နားလည်ထားသောကြောင့်စက်ရုံများသည်လူသားဆန်ကာထုတ်လုပ်မှုရရှိစေသောလုပ်ငန်းခွင်အခြေအနေများကိုဖန်တီးကာအတိုင်းအတာတစ်ခုအထိအချိန်ပိုဆင်းခြင်းအား ကန့်သတ်သောနည်းလမ်းများဖြင့် လုပ်ငန်းဆောင်ရွက်ချက်များကို လုပ်ဆောင်သင့်ပါသည်။

## IV. လုပ်ငန်းခွင်ဆိုင်ရာ အခြေအနေများ

### A. လုပ်ငန်းခွင်ကျန်းမာရေးနှင့် လုံခြုံရေး

စက်ရုံများသည် လုပ်ငန်းခွင်အခြေအနေများနှင့် သက်ဆိုင်သော ဥပဒေများ၊ စည်းမျဉ်းများ နှင့်အညီ လိုက်နာဆောင်ရွက်ရပါမည်။ ထို့နောက် အလုပ်သမားများကို လုံခြုံစိတ်ချမှုရှိသော၊ကျန်းမာရေးနှင့်ညီညွတ်သော ပတ်ဝန်းကျင်များကို ထောက်ပံ့ပေးရပါမည်။

### B. အဆောင် (သက်ဆိုင်မှသာ)

အလုပ်သမားများအတွက် နေအိမ်ထောက်ပံ့ပေးသော စက်ရုံများသည် ၎င်းအဆောက် အအုံများကို သန့်ရှင်း၍ ဘေးကင်းအောင် ထိန်းသိမ်းစောင့်ရှောက်ရမည်။

## V. စီမံအုပ်ချုပ်မှု စနစ်

လုပ်ကိုင်ဆောင်ရွက်မှုများသည် ပြဋ္ဌာန်းထားသည့် ဥပဒေများ၊ စည်းမျဉ်းများနှင့် COVC နှင့် အညီဖြစ်ကြောင်း သေချာမှုရှိစေရန်အတွက် သင့်လျော်သော ထိန်းချုပ်မှုများဖြင့် ပုံဖော်ထားသည့် ခံနိုင်ရည်ရှိ စီမံအုပ်ချုပ်မှုစနစ်ကို တည်ထောင်ရမည်။ စီမံအုပ်ချုပ်မှုစနစ်များသည် ခံနိုင်ရည်ရှိ တာဝန်များကို ဖော်ပြထိန်းချုပ်ရမည်ဖြစ်ပြီး ဆက်လက်တိုးတက်ကောင်းမွန်မှုကို လွယ်ကူသက်သာမှုရှိစေရမည်။

GAP BANANA REPUBLIC OLD NAVY ATHLETA